# မြနှောင်းသို့

## ရွက်ဝါကြွေသော နွေရက်များ



# အခန်း(၁)

နွေနှောင်း နေ့ခင်း။

ဒေါက်တာ ဦးကောင်းထက်သည် မမျှော်လင့်ပါဘဲ သူ့တွင် ဆိုက်ရောက်လာသော ဝေဒနာကို မချိတင်ကဲခံစားရင်း တွေးလေ စိတ်ညစ်ညူးလေ ဖြစ်နေ၏ ။

"ဆရာ့လူနာကတော့ လျောတော့မှာပါ"

လူနာစောင့် မောင်တင်သည် သူ၏ ကျောက်ပေါက်မာသဲ့သဲ့ရှိသော ရှည်မျောမျော မျက်နှာကို ထပ်မံဆွဲဆန့်စေအောင် ပါးစပ်ကိုကျယ်ဝန်းစွာဟလျက် အသံအုပ်ကာပြောသည်။

သူက တီးတိုးပြောလိုဟန်ရှိသော်လည်း သူ့အသံကို တာဝန်ကျ တစ်ခန်းလုံး သဲသဲ ကွဲကွဲ ကြားနိုင်ပေသည်။

တုတ်ရှည်တပ်ထားသော ရေစိုအဝတ်ဖတ်ဖြင့် သမံတလင်းကို တိုက်ချွတ်သုတ်သင် နေသော သန့်ရှင်းရေး အလုပ်သမ ဒေါ်အေးနောက်သည် အရာပေးရုံသာသာ မှေးစင်း သော မျက်လုံးမှ ထက်မြက်သော မျက်စောင်းတစ်လက်ကို ပစ်လွှတ်ခြင်းဖြင့် မောင်တင့် အား ထောမနာပြုလိုက်သည်။

ယနေ့ နေ့ခင်း ဆယ့်တစ်နာရီထိုးမှ လုံချည်ပြာဝတ် သူနာပြု ဒေါ်စက်တင်ထံမှ တာဝန်ချိန် လွှဲသူ ဝင်ရောက်လာသော လုံချည်နီဝတ်သူနာပြု နော်အယ်ဝါးသည် လူနာ နာမည်နှင့် ခုတင်အစီအစဉ် ရေးမှတ်ထားသော စာရွက်ပေါ်၌ နေ့လယ်ဆေးစာရင်းအတိုင်း ဝေပုံကျ ချနေသည်။

သူမက ခဲအနက်ဖြင့် တစ်ကြောင်းတည်း သေးသေးကွေးကွေး ရေးဆွဲထားသော မျက်ခုံးကိုပင့်တင်ကာ မောင်တင်ကို မေးခွန်းထုတ်လိုက်သည်။

"နင် ဘယ်လူနာကို ပြောနေတာလဲ"

မောင်တင် အားတက်သွား၏ ။

စားပွဲတွင် မေးထောက်ထိုင်ကာ မျက်နှာမကြည်မသာနှင့် စားပွဲပေါ်မှ သူ့နားကျပ် ကိုလည်း မြင်ဟန်မရှိဘဲလျက် ငေးစိုက်နေသော ဆရာဖြစ်သူ ဒေါက်တာကောင်းထက်ထံမှ တုံ့ပြန်လှုပ်ရှားမှုမရသော်လည်း နော်အယ်ဝါးက စိတ်ဝင်စားဖော်ရသောကြောင့် မောင်တင် ဖြေသာသည်။

"မခင်မြလေ ..."

"မခင်မြ ..."

နော်အယ်ဝါး သံယောင်လိုက်ရင်း တွေဝေသည်။

"အသည်းအသန်ခန်းက လူနာလေ စ ရဲ့"

"သြော် ... ခွေးရူးပြန်လား၊ အဲဒါ ဘယ့်နှယ့် ဆရာ့လူနာဖြစ်ရပြန်တာလဲ"

မောင်တင်သည် ဒေါက်တာကောင်းထက်၏ စားပွဲရှေ့မှခွာကာ နော်အယ်ဝါး၏ ဆေးဗီရိုအနီးသို့ တိုးကပ်သွား၏ ။

"စ,က ခွင့်သုံးရက်ယူလိုက်တော့ ဘယ်သိမလဲ၊ မခင်မြဟာ ဆရာ့လူနာစစ်လွန်းလို့ ဆရာ့မှာ အခု ဒုက္ခဖြစ်နေတာဗျာ"

ဒေါက်တာကောင်းထက်၏ မျက်နှာသည် မှိုင်းမှုန်အုံ့ဆိုင်းနေရာမှ ပြုံကျတော့မည့် မိုးနှယ် ညိုမှောင်လာသည်။

မောင်ကား ဆရာ့အရိပ်အကဲကို မသိတော့ မကြည့်တော့ဘဲ နော်အယ်ဝါးကိုသာ အားတက်သရော ဇာတ်ကြောင်းပြန်နေလေတော့သည်။

“စ,ကို ဒေါ်စက်တင်လက်လွှဲသွားတဲ့ မခင်မြဟာ အခု စ,မြင်ရမယ့် ရုပ်နဲ့ ဆရာတွေ့စ တုန်းကရုပ် ...”

နော်အယ်ဝါးသည် မောင်တင် နိဒါန်းပျိုးနေတာကို စိတ်မရှည်ပေ။

“အခု ငါမြင်ပြီးပြီ၊ ရောက်ကတည်းက သွားကြည့်ထားပြီးသား ...”

မောင်တင် စကားစပျောက်သွားသော်လည်း နော်အယ်ဝါး ဆေးဗန်းပြင်ဆင်ပြီးစီး သွားလျှင် သူ့ဇာတ်လမ်း အဆုံးမသတ်ရမှာကို တွေးပူကာ ပါးစပ်ပြဲကြီး ဟစိဟစိလုပ်ပြီး စကားလုံးရှာသည်။

“အရင်တစ်လကျော်တုန်းက အဲ ဆရာကတော့ နေ့စွဲမှတ်မိတယ်၊ ကျွန်တော်ကတော့ မမှတ်မိ”

“ရှည်ကြောတယ်ဟယ်၊ အရပ်ရှည် လျှာကရှည် အကုန်ရှည် ...”

မောင်တင်သည် ဒါမျိုးကျတော့ အတွေးနက်သလို ရှက်လည်း ရှက်တက်ပြီး သွား ရှည်ကြီးတွေ ဖြဲကာ မချိပြုံး ပြုံးသည်။

“စ,ကလဲ” ဟုလည်း ညည်းတွားသည်။

ဒေါက်တာ ကောင်းထက်ပင်လျှင် မောင်တင်က ဆရာမဟု ခပ်မြန်မြန်ခေါ်သော စ,ကို နားဝင်ထောင့်လာသည်။

“စ,မနေနဲ့ ဟိုက ဆေးအရေးအတွက် မှားကုန်တော့မယ်”

မောင်တင်သည် အားမလျော့တမ်း သူအင်မတန် အားခဲထားသော ဆရာ့လူနာ မခင်မြ၏ ဇာတ်လမ်းကို ဒရောသောပါး ပြောတော့သည်။

“အဲ ... အရင်တစ်လကျော်လောက်က ဆရာ့ ဆေးခန်းကို မခင်မြရောက်လာတယ်၊ ခွေးကိုက်ခံရတာ ”

“ခွေးရူးလား၊ ကိုက်ကတည်းက ခွေးရူးမှန်း သိနေပြီလား”

“ဒါပေါ့၊ ဒါပေမယ့် … သူက ခွေးကောင်းလို့ ပြောတာ စ,ရဲ့၊ သူ့ခွေးကို သူသိပ်ချစ် တာတဲ့၊ သူ့ကလေးတွေနဲ့ မခြားချစ်တာတဲ့ဗျ”

“ဘယ်နေရာကို ကိုက်တာလဲ”

“လက် … လက် … အဲဒါ ဆရာက အနာကို ဆေးကြောပေး ဆေးထည့်ပေးတယ်၊ ခုတော့ဗျာ သူက ခွေးရူးပြန်ပြီ၊ သူ့ထိုက်နဲ့သူ့ကံ ခွေးရူးကို မရူးဘူးငြင်းပြီး ကာကွယ်ဆေး မထိုးလို့ သေတာ သေပစေတော့ ဘယ်တတ်နိုင်မလဲ၊ ကျွန်တော့်ဆရာမှာ မနေ့ကမှ တစ်လုံးစထိုးရတယ်၊ ဆေးမီချင်မှ မီတော့မှာ”

နော်အယ်ဝါးသည် ဒေါက်တာ ကောင်းထက်ကို စိုးရိမ်ကရုဏာသက်စွာ လှမ်းကြည့် နေရာမှ မောင်တင် အပြောအဆိုမတတ်သောကြောင့် တဟောင်နှင့်တွတ်ကာ ဟန့်တား လိုက်၏။

“ကူးချင်မှ ကူးတာပါ ဆရာရယ်၊ ဒါပေမယ့် သည်မိန်းမကလဲ ဘာလို့ ခွေးကို မရူးဘူး ညာတာလဲ၊ သူ့ဘာသာ ကာကွယ်ဆေးမထိုးချင်လို့ ရောဂါအဖြစ်ခံ အသေခံတာ ထား တော့၊ ဘာလို့ ဘေးလူ ဥပဒ်ရောက်အောင် လုပ်ရတာ လဲ”

နော်အယ်ဝါးသည် ပါးစုံကြီး ဖောင်းထွက်လာအောင် စူပွစူပွ ရေရွတ်သည်။

ပြီးတော့ တာဝန်ချိန် မလစ်ဟင်းရလေအောင် ဆေးပြားဝေငှဖို့ ကတ်ပြားကို ဗန်း တွင်ထည့်ကာ တာဝန်ကျခန်းမှ စိတ်မြန် ခြေမြန် ထွက်ခွာသွားတော့သည်။

မခင်မြ ဆေးရုံရောက်လာသည်အထိပင် ခရီးမရောက်သေးသော သူ့ဇာတ်လမ်းကို ဆက်ချင်ဇောဖြင့် မောင်တင်က နော်အယ်ဝါးနောက်လိုက်ဖို့ ခြေလှမ်းပြင်သည်။

“ကိုတင် ကျွန်တော့်ကို စပယ်ရှယ် သွားဝယ်ပေးစမ်းပါ”

ဦးကောင်းထက်က ရှပ်ကျ ့အိတ်ကပ်ထဲမှ ကျပ်တန် တစ်ရွက်နှိုက်ကာ မောင်တင်ကို လှမ်းပေးသည်။

"ဆရာမကို နောက်မှ ပြောစမ်းပါဗျာ၊ သူ့အလုပ်သူလုပ်ပါစေဦး၊ ဆေးတွေလဲ ထိုးရဦး မှာဗျ၊ တလွဲတချော်တွေဖြစ်ကုန်မယ်"

မောင်တင်သည် ဆရာဖြစ်သူ၏ စိတ်အထာ မကြည်လင်လှကြောင်းကို နောက်ကျ စွာ သိနားလည် နိုင်လောက်အောင်တော့ အကင်းပါးသေးသည်။

သူသည် ခွေးရူးပြန်ကာကွယ်ဆေး အထိုးခံနေရသော သူ့ဆရာကို အလွန်သနား ကြင်နာနေမိရကြောင်း ဖော်ကျူးချင်သည်။

သို့တစေ သူသရုပ်ဖော်လိုက်သောစကားတွေ အမူအရာတွေက သူ့ဆရာ၏ ညည်း ညူသော စိတ်ဓာတ်ကို ပို၍ သာ နောက်ကိုသွားစေခဲ့လေ၏ ။

"ကဲ သွားဗျာ မြန်မြန်ပြန်လာ"

တာဝန်ကျအခန်းတွင် ဒေါက်တာ ကောင်းထက်တစ်ယောက်သာ ကျန်ခဲ့သည်။

ဆေးရုံနှင့် မျက်စောင်းထိုးရှိ ဘုန်းကြီးကျောင်းထိပ်မှာ ဆောက်လုပ်မည့် ဇရပ် အတွက် ထည့်ဝင်လှူဒါန်းကြသော အလှူရှင်စာရင်းကို ဥပါသကာ တစ်ဦးက အာဘောင် အာရင်းသန်သန် အာဝဇ္ဇန်း ရွှန်းဖြာစွာကြေညာနေသည်။

နားညည်းလှသဖြင့် ဦးကောင်းထက်ညူစူမိလေ၏ ။

သူ့ဂမ်းပြင်ချက်နံဘေးမှ ဖျင်းခနဲ နာကျင်သည်။ သတိရလေ ပိုပြီး နာလာလေ။ အလုပ်လုပ်နေတုန်းတော့လည်း အမှတ်တမဲ့ မေ့ပျောက်နေပေသား။

မနက်က သည်လအဖို့ သူတာဝန်ကျနေသော ဖျားနာကုသဆောင်ကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ လူနာဟောင်းထဲမှ ကုသချက်ဆက်သင့်သူကို ဆက်ပြီး ပြင်သင့်သူကို ပြင်ကာ ဆေးရုံဆင်းသင့်သူကို ဆင်းခွင့်ပြုလိုက်သည်။

တစ်ဖန် ညတာဝန်ကျ ဆရာဝန်က ဆေးရုံတင်သွားသော လူနာသစ်တွေကို သူ လက်ခံစမ်းသပ် စစ်ဆေးရပြန်သည်။

တစ်နေ့ညက ဆေးရုံရောက်ရှိလာကာ အသည်းအသန်လူနာခန်းထဲတွင် သီးခြား ထားရှိသော မခင်မြကို ဝင်ကြည့်စဉ်ခဏမှာတော့ ကယ်တင်ခံနိုင်ခွင့်ရရှိပါလျက် နောက်ဆုံး အချိန်ကို လက်မှိုင်ချစောင့်ဆိုင်းနေလိုက်ရသည့် အခြေအနေမျိုးသို့ ရောက်ရှိသွားသော လူနာတွေနှင့် ပတ်သက်လာလျှင် ခံစားရမြဲ သနားဝေဒနာကို သူမချင့်မရဲ ကြေကွဲခံစား ရသည်။

တစ်ဖန် ထိုမျှမကသေးဘဲ မခင်မြနှင့်ကျတော့ သူ့မှာ မကြုံစဖူးတစ်မျိုးထူးခြားသော ဝေဒနာတစ်ခု ပိုကဲတိုးပွား အစားရသေးသည်။

မခင်မြ ဆေးရုံရောက်လာသည်မှ ညဆယ့်တစ်နာရီကျော်ကျော် သန်းခေါင်ချဉ်းနေ သည့်အချိန်။

တိုက်တိုက်ဆိုင်ဆိုင် ထိုညက သူတာဝန်ကျနေခဲ့သည်။

အရေးပေါ် ခွဲစိတ် မွေးဖွားပေးရသော လူနာနှင့် ကလေးစိတ်ချရပြီမို့ သူမောဟိုက် ပင်ပန်းစွာ အိပ်မောကျသွားခိုက်ဖြစ်သည်။

သူနှင့်အတူ တာဝန်ကျသော ဆရာမဂျေးလယ်သည် သူ့ကို ချက်ချင်းမနှိုးခဲ့ပေ။

“ဖျားတာများ သုံးရက်လောက်မွေးထားပြီး ခုလိုညကြီးအချိန်မတော်မှ လာရတယ် လို့၊ ကျွန်မတို့များ ခုမှတစ်ရေးမေးရမလား စဉ်းစားခါရှိသေးတာ” စသည်ဖြင့် အိပ်ချင်မူးတူး မြည်တွန်တောက်တီးလိုက်သေးသည်။

ပြီးတော့မှ နော်ဂျေးလယ်သည် မခင်မြကို ဆေးရုံလွှတ်လိုက်သော အပြင်ဆေးကု ခန်းတစ်ခုမှ ဆရာဝန်ကလေး၏ စာကို ဖြန့်ဖတ်ခဲ့သည်။

ထိုဆရာကလေး ဆေးကုနေပြီး သုံးရက်အရမှာ မခင်မြခွေးကိုက်ခံခဲ့ရဖူးသော ရောဂါရာဇဝင်ကို ဆရာဝန်ကလေး ရရှိသွားကာ အားချင်းဆေးရုံလွှတ်လိုက်ခြင်း ဖြစ်လေ၏ ။

ဆရာဝန်ကလေးစေလွှတ်စဉ်တုန်းက ညနေလေးနာရီသာရှိသေးသည်ဆို၏ ။

မခင်မြက ဆေးရုံမတက်ပါဘူး ငြင်းဆန်နေတာကို ဝိုင်းဝန်းဖျောင်းဖျနေရသည်နှင့် အချိန်လင့်သွားရသည်ဟု မခင်မြ၏ ခင်ပွန်းက တောင်းပန်ခဲ့သည်။

ခွေးကိုက်တုန်းက ဦးကောင်းထက်မှာ ဆေးကုဖူးပါတယ်။

“ဆယ်ရက်အတွင်း ခွေးရူးသွားရင် ကာကွယ်ဆေးထိုးရမယ်လို့ဆရာကပြောတယ်။ နှစ်ရက်အရမှာပဲ ခွေးကအိမ်ကထွက်သွားပြီး တွေ့ရာမြင်ရာ လိုက်ကိုက်နေလို့ အရပ်က ဝိုင်းရိုက်သတ်လိုက်ရတာ ”

သည်တော့မှ နော်ဂေးလယ်သည် မျက်ကလဲဆံပျာ ဖြစ်တော့ကာ ဒေါက်တာ ကောင်းထက်ကို အကြောင်းကြားတော့၏ ။

ဤတွင် မခင်မြနှင့်သူ တစ်ဖန် ပြန်လည်ဆုံတွေ့ဖြစ်ရလေ၏ ။

မခင်မြထံမှ အဖြေ၊ သူမ၏ ခင်ပွန်းသည် ဖြည့်စွက်ပြင်ဆင်ချက်တို့အရ သူမခံစားရပုံ ရုပ်လက္ခဏာသွင်ပြင်သည် ရုပ်လုံးပေါ်ခဲ့သည်။

ပထမမှာ ကိုယ်လက်မအီမသာဖြစ်သည်။ ခေါင်းကိုက်သည်။

အနာဂျက်ဆင် တစ်ခဲတစ်ကျပ်နှင့် ဝယ်သောက်လျှင် သက်သာသယောင်ရှိကာ ပျောက်ကင်းမှာပဲဟု သူမ ဇွတ်မှိတ် ထင်မှတ်ခဲ့လေသည်။

အရင် ခွေးကိုက်ခံရပြီးနောက် ပျောက်ကင်းနေပြီးသော

လက်ဒဏ်ရာဟောင်း နေရာ မှ ရိုးတိုးရှတ ကျင်သလို နာသလို ဖြစ်စပြုလာသောအခါမှာမှ မခင်မြသည် ထိတ်လန့်မှုကို ဖုံးဖိလျက်က မလုံမခြုံ တစ်စွန်းတစ်စ ပေါ်ထွက်လာသည်။

ဆေးရုံမတက်မီ နှစ်ရက်က ညနေစောင်းမှာ နီးရာ ဆေးကုခန်းတစ်ခုသို့ သွားသည်။

အနီးဆုံးဖြစ်သော ဒေါက်တာကောင်းထက်၏ ဆေးကုခန်းကို ကွင်းရှောင်ကာ တခြားနေရာသို့ သွားခဲ့၏ ။

ထိုနေ့က မခင်မြ အဖျားဝင်သည်။ အလိုအလျောက် ဘာမှန်းမသိ သွေးလေချောက် ချား ဂနာမငြိမ်ဖြစ်သည်။

ရောဂါဇစ်မြစ်ကို ဖုံးကွယ်ထားသော လူနာကြောင့် ဆရာဝန်သည် ဝေဒနာအမှန်ကို ရုတ်ခြည်း ဖော်ထုတ်နိုင်စွမ်း မရှိခဲ့ပေ။

ဆေးရုံတက်သည့် ညနေကမှ မခင်မြ၏ ခင်ပွန်းသည် ဒဏ်ရာဟောင်းမှ နာကျင်လာ သည့်အကြောင်း ဇာတ်ကြောင်းပြန်ခဲ့ခြင်းဖြစ်၏ ။ သည်တော့မှသာ ဆရာဝန်ကလေး အနာ သိတော့သည်။ ကုသဆေးမရှိကြောင်းလည်း သိရပေတော့၏ ။

ထိုဆရာဝန်ကလေးက လူနာရှင်တွေကို ကရုဏာဒေါသောနှင့် အပြစ်တင်သည် ဆို၏ ။

“ခင်ဗျားကို ဒေါက်တာကောင်းထက် ကုသပေးနေတုန်းမှာပဲ ခင်ဗျားတို့ခွေး အိမ်က ထွက်သွားတာ၊ ခွေးကို အရပ်က ရူးတယ်လို့သတ်မှတ်ပြီး ရိုက်သတ်လိုက်ရတဲ့ အကြောင်း ကို ဒဏ်ရာဆေးကြော ကိုင်တွယ်နေရတဲ့ ဒေါက်တာကောင်းထက်ကို ပြန်မပြောကြဘူး မဟုတ်လား၊ သူ့လက်မှာ ဒဏ်ရာရှိရင် ခွေးရူးပြန်ရောဂါပိုးဟာ အဲသည် ဒဏ်ရာကနေ တစ် ဆင့်ဝင်သွားနိုင်တယ်၊ ကုသပေးတဲ့ ဆရာဝန်ကို ကူးစက်နိုင်တယ်ဗျ” ဟုလည်း ပညာထပ် ဆင့်ပေးသည်။

ဆရာဝန်ကလေးက ဆေးရုံသွားရန် စာရေးပေးသော်လည်း မခင်မြသည်။ ဆေးရုံ မတက်ပါဘူးဟု ဇွတ်ငြင်းဆန်နေခဲ့သည်။

အတွင်းစိတ်က သူမ၏ ဘဂ နောက်ဆုံးအချိန်သည် ဆိုက်ရောက်ခဲ့ပြီဟု သိနေကာ ထိတ်လန့်ကြောက်ကွဲသည်။ အပြင်စိတ်က သူမ၏ ခွေးသည် နေမကောင်းခြင်းမျှသာဖြစ်ကာ ရှူး သွတ်ခြင်းမဟုတ်ခဲ့သောကြောင့် သူမသည် ခွေးရူးပြန်ဝေဒနာ စွဲကပ်ခြင်း မဟုတ်နိုင်ဘူးဟု သူမကို သူမ အားပေးတင်းခံထားသည်။

အချစ်မှာ မျက်စိမရှိဆိုသော စကားသည် မခင်မြက သူမ၏ ခွေးအပေါ် ထားရှိသော အချစ်နှင့် လုံးဝသွားပြီး တိုက်ဆိုင်နေ၏ ။

ဘာပဲဖြစ်ဖြစ် ဆွေမျိုးသားချင်း အိမ်နီးချင်းမိတ်ဆွေတွေသည် မခင်မြကို အတင်း အကျပ် ဆေးရုံပို့ခဲ့ကြသည်။

ဆရာဝန်နှင့်လူနာ ပြန်လည်ဆုံတွေ့ကြစဉ်ကလည်း ရင်ထဲမှာ ထိတ်လန့်နောင်တကို ဖုံးကွယ်ကာ ခေါင်းမာသော မျက်လုံးများနှင့် ဦးကောင်းထက်ကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ကြည့် ခဲ့သည်။

"ရေလား၊ ကျွန်မ ရေသောက်နိုင်ပါတယ်၊ ရေမကြောက်ပါဘူး၊ ဒါပေမယ့် ကျွန်မ ရေ မဆာဘူး"

ဆေးရုံရောက်ဦးစ အချိန်အထိ မခင်မြသည် ရေသောက်နိုင်သေးသည်။ ကော်ဖီ ရည်ကို သောက်နိုင်သေးသည်။

ပိုပြီး ဝါရင့်ပညာမြင့်သော ဆေးရုံအုပ်ကြီးပင်လျှင် မခင်မြလို ခွေးရူးပြန်ဝေဒနာသည် ကို စိတ်ဝင်တစား လာရောက်ကြည့်ရှုသည်။

မနေ့မနက်ပိုင်း အလုပ်ချိန်တွင် ဆေးရုံရောက်လာကြသော ဆရာဝန် ဆရာဝန်မများ သည် ခွေးရူးပြန်ရောဂါနှင့်ပတ်သက်သော အတွေ့အကြုံ

အသီးသီးကို ဖလှယ်ဆွေးနွေးဖြစ် ကြ၏ ။

ရောဂါကူးစက်မှာကို ကြောက်လန့်ပြီး လူနာအနား မကပ်ဝံ့ကြသောကြောင့် တစ် ယောက်တည်း အထီးကျန်စွာ အသက်ကုန်ဆုံးရသော လူနာ။

ရန့်ရင်းဆန်ခတ် ပစ္စည်းတွေ ဟိုပစ် သည်ပစ် ထိန်းမနိုင် သိမ်းမရ၍ ချည်နှောင် ဖမ်းချုပ်ထားရသော လူနာ။

တံတွေးပင် မမျိုနိုင်တော့အောင် လည်ပင်းမှ နာကျင်အကြောဆွဲ၍ နောက်ဆုံး အကြောသေသွားသည်အထိ ခံစားရကာ ပါးစပ်မှ သွားရည်တမြားမြား အမြှုပ်အစီစီ ထွက် သော လက္ခဏာ။

ဆိုးရွားလာသော အခြေအနေတွင် တစ်ချက် သတိလစ်မိန်းမော သွားလေ့ရှိခြင်း။

ဝေဒနာသည်၌ အဖျားအနည်းငယ်ရှိချင်ရှိနိုင်ပြီး သာမန်ကိုယ်ပူချိန်ပဲ ရှိချင်လည်း ရှိနေသည်။

အားလုံး သဘောတူညီကြသည်မှာ ခွေးရူးပြန်ရောဂါသည်တိုင်း ရေကြောက်သည်။ အင်္ဂလိပ်လို ရေကြောက်ခြင်းဆိုသော အဓိပ္ပာယ်ဖြင့် Hydrophobia (ဟိုက်ဒြို=ရေ ၊ ဖိုးဘီးယား=ကြောက်လန့်ခြင်း)

မနေ့က တစ်နေ့လုံး မခင်မြသည် ရေမကြောက်သေး။ အနည်းဆုံး ရေကြောက်ခြင်း ကို ဖုံးကွယ်နိုင်သေးသည်။

သည်နေ့တော့ ရေမြင်လျှင် ဇက်လန် တက်ချင်လေပြီ။ ပါးစောင်မှာ သွားရည် အလိမ်းလိမ်းနှင့် လျှာကိုလည်း မသိမ်းနိုင်ပြီ။

Rabies (ရေးဘီးစ်) ဆိုသော ခွေးရူးပြန်ရောဂါ၏ အဆုံးစွန်အခြေအနေသို့ ဆိုက် ရောက်လေပြီ။

“တော်တော် ခေါင်းမာတဲ့ မိန်းမပဲ၊ ရေကြောက်တာကို ဇွတ်မှိတ်တင်းခံထားတယ်” ဟု ဆရာဝန်မလေး ဒေါ်သဇင်က မှတ်ချက်ချသည်။

“သည်လိုတော့လဲ မဟုတ်ဘူး ဒေါ်သဇင်ရဲ့၊ သည်လူနာစိတ်တင်းနိုင်တာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ခွေးရူးပြန်ရောဂါကိုက ပုံစံနှစ်မျိုး ကွဲလာတာကိုး၊ တစ်မျိုးက ဒေါထန်တယ် (Furious)၊ တစ်မျိုးက (Paralytic) လေသင်တုန်းမျိုး၊ ဘယ်ပုံစံဖြစ်ဖြစ် သေတာချည်းပဲ၊ ပထမတစ်မျိုးက ရုန်းရင်းဆန်ခတ် မချိမဆန့် အသက်ထွက်တယ်၊ ဒုတိယ မျိုးက လေဖြတ်သွားသလို ခြေလက်သေသွားပြီး ညင်ညင်သာသာ အသက်ထွက်ပြီး ရေတို့ အစာ တို့မမျိုနိုင်တဲ့ လက္ခဏာကို သေခါနီး မှ တွေ့ရတယ်၊ တစ်ဆင့်ပြီးတစ်ဆင့် လက္ခဏာ ပြတာရှိသလို နှစ်မျိုးရောနေတာလဲ ရှိတယ်တဲ့ဗျ၊ မခင်မြက လေသင်တုန်းဘက် ပိုကဲလို့ ရေကြောက်တဲ့လက္ခဏာ နောက်ကျမှ ပေါ်လာတာ ဖြစ်မှာပါ”

ယင်းသို့လျှင် ထင်မြင်ချက်တွေ ပေးကြ၊ ဆွေးနွေးကြ၊ ဆေးမြီးတိုတွေအကြောင်း တစ်ယောက်တစ်ပေါက် ပြောကြ၊ ကိုက်သောခွေး၏ အသည်းကို ကင်စားခြင်း၊ ခွေးရှင်၏ နေအိမ်မှ ဆန်စေ့ကို ဝါးပြီးအုံကာ ဖိနပ်နှင့် ဖြည်းဖြည်းချင်း သွေးထွက်သည်ထိရိုက်ခြင်း၊ ကျပ်ခိုးသုတ်ခြင်း၊ မီးသွေးထောင်းခြင်း၊ အုံခြင်း၊ အဲ ရေမန်းတွေ ဂါထာတွေ ပါဝင်သော ကဏ္ဍကဖြင့် အရေးပါ အရာရောက်လှတာ အမှန်ပါပဲ။

“ခွေးကိုက်တဲ့ဒဏ်ရာ ကျက်သွားပြီး တစ်လနှစ်လနဲ့ ခွေးရူးမပြန်၊ တချို့များ နှစ်နဲ့ ချီပြီး ရောဂါပေါ်မလာဘူး၊ ဒါကို ဆေးမြီးတိုစွမ်းတယ်၊ ရေမန်းတွေ ဂါထာတွေစွမ်းတယ် ထင်ကြတာပေါ့” ဟု ဆေးရုံအုပ်ကြီးက မှတ်ချက်ချသည်။

အရေးတကြီး တိုက်တွန်းကြသည်မှာ ဦးကောင်းထက် ကာကွယ်ဆေး အေအာဗီ (Anti-Rabies vaccine) ထိုးလိုက်ဖို့ဖြစ်သည်။

“ဟာ အခန့်မသင့်ရင် (Encephalitis) (ဦးနှောက်ရောင်ရမ်းခြင်း)

ဖြစ်တတ်တယ်ဗျ၊ ဒဏ်ရာမရှိရင် ရောဂါပိုးမဝင်နိုင်ပါဘူးဗျာ။ ထိုနေအကောင်းသား ထသွားမှ ကျိုးနေမှ အခက်”

ဦးမျိုးဝင်းက ကန့်ကွက်သည်။

သို့ရာတွင် ခွေးရူးတာ သေချာနေမှတော့ ထိုးမှဖြစ်မှာပေါ့။ ခင်ဗျား အင်ဆက်ဖလိုက် တစ်က ဖြစ်တောင့်ဖြစ်ခဲပါ။ ခွေးကောင်းခွေးရူး မသေချာလို့ ဆိုရင်ထားတော့။ အခုဟာက ခွေးရူးပြန်ဖြစ်နိုင်တဲ့ဘက်ကို ပိုအလေးတင်းစဉ်းစားရမှာဗျ ဟု ဆရာဝန်ကြီးက အကြံပြုသည်။

တစ်ယောက်တည်း မှိုင်မှိုင်ငိုင်ငိုင်နှင့် ဖြစ်ခဲ့သမျှ ပြန်လည်တွေးတောနေရင် ဦးကောင်းထက်သည် ဂမ်းပြင်မှ တင်းကျပ်ကျပ် နာစပ်စပ် ဖြစ်လာသည်။

သူကား အင်မတန် ဆေးထိုးအပ်ကြောက်သည့်သူ။

မွေးကင်းစကလေးဘဝက ကာကွယ်ဆေးထိုးခံခဲ့ရဖူးတာက လွဲပြီး မှတ်မှတ်ရရ ခုနစ်နှစ်သားတုန်းက သူတို့မြို့မှာ ဂမ်းရောဂါအကြီးအကျယ် ဖြစ်လိုက်တာကြောင့် ကာ ကွယ်ဆေး တစ်ခါအထိုးခံရတာ ပဲရှိသည်။

သွားကိုက်တာကိုပင် ဆေးထိုးခံရမှာ ကြောက်လွန်းလှသဖြင့် အချိုလျှော့စားသည်။ ညအိပ်ရာဝင်သွားမှန်မှန်တိုက်ဖို့ အမေက နှစ်ခါရာဇသံမပေးခဲ့ရ။

အဲ - ဒါပေမယ့် ခွေးနှင့် သူသည် လုံးဝကံမစပ်ဘူးထင်သည်။

သူ ဆယ်နှစ်သားလောက်မှာ အိမ်နီးချင်း၏ ခွေးသည် ချည်ထားရာမှ လွတ်ထွက် လာကာ ခြံထောင့်သို့ ကျသွားသော ဘောလုံးကို ပြေးကောက်သည့်သူ့ကို အပြေးလာဟပ် လိုက်ရာ တင်ပါးမှာ သွားရာ အကွင်းလိုက်ထင်လေ၏ ။

ခွေးရှင်က ရှိခိုးမတတ်တောင်းပန်ကာ ဆရာဝန်ခံခေါ်သွားသည်။

အမေကပဲ တောင်း ဆိုတာလား၊ ခွေးရှင်ကပဲ အလျော်အစား အပြည့်အဝ ပေးချင်တာလား မသိ၊ သူသည် ကာကွယ်ဆေး ဆယ့်လေးလုံး အထိုးခံခဲ့ရဖူးချေ၏ ။

အဲသည်ကတည်းက ခွေးဆို အသေအလဲ ကြောက်ရွံ့မုန်းတီးကာ ဘယ်လောက်ပဲ မကိုက်ဘူး အာမခံပါစေ ခွေးနားလုံးဝမကပ်။

ထဘီစိမ်းဝတ် သူနာပြုဆရာမကြီး ဒေါ်နဲလီသည် အိပ်ရာခင်းတွေ တစ်ပွေ့ကြီးပိုက် ကာ တာဝန်ကျခန်းထဲ ဝင်လာသည်။

"ဆရာ ဘာတွေ ထိုင် စဉ်းစားနေတာတုံး" ဟု သိသောအပြုံးနှင့် မေးသည်။

"ခွဲခန်းထဲ ဝင်သွားတယ်ဆိုလို့"

"ခဏပါပဲ ဆရာရေ၊ ဦးမျိုးဝင်းက မေ့ဆေးပေးမယ်ဆိုတာနဲ့ ကျွန်မပြန်ထွက်လာပြီး စတိုခန်းရှင်းနေတယ်၊ စာရင်းစစ်လာမယ် ဆရာရဲ့"

ဒေါ်နဲလီက အိပ်ရာခင်းထပ်ကြီးကို လူနာ စမ်းသပ်သော ခုတင်ပေါ် ဘုတ်ခနဲ ပစ်ချ လိုက်သည်။

"ဆေးထိုးတော့မလား ဆရာ၊ ဆရာ့အပ်နဲ့ ပိုက်ပေး ကျွန်မ ပြုတ်ပေးမယ်"

"ညနေပြန်ခါနီး မှ ထိုးတော့မယ်ဗျာ၊ အင်း တစ်လုံးတောင်အတော်နာတာ၊ တစ်ဆယ့် လေးလုံးဆိုတော့ သေရောပေါ့ဗျာ"

ဒေါ်နဲလီ နဖူးမှာသီးနေသော ချွေးသီးချွေးပေါက်များကို လက်ခုံနှင့်သပ်ရင်း ပြုံး ကျယ်သော မျက်လုံးတွေ မှေးသွားလောက်အောင် ဟက်ဟက်ပက်ပက်ရယ်၏ ။

"ဆေးထိုးတာ မသေပါဘူး ဆရာရယ်၊ မထိုးမှ သေနိုင်တာပါ ဆရာရဲ့"

"ဒါပေမယ့်ဗျာ၊ ခုမှ အသက်သုံးဆယ် မပြည့်သေးခင်

ခွေးရူးပြန်ကာကွယ်ဆေး နှစ်ခါ ပြန်ထိုးရတော့ အတော် မနိုပ်ဘူး၊ အင်ကက်ဖလိုက်တစ် ဖြစ်ဖို့ ပိုပြီး နီးစပ်လာတယ် စစ်စတာရ”

“အင်း ... ဆရာတို့ နားလည်နေတော့ ပိုကြောက်မှာပေ့ါ”

ဒေါ်နဲလီသည် သန့်ရှင်းရေး အလုပ်သမား တစ်ယောက်အား ညတာဝန်ကျ ဆရာဝန် များ၏ အိပ်ရာကို အခင်းအစွပ်စောင်တွေလဲလှယ်ပေးဖို့ ညွှန်ကြားလိုက်၏ ။

နော်အယ်ဝါး ပြန်ရောက်လာသည်။

“မခင်မြတော့ မိန်းမောသွားလိုက်၊ ကယောင်ကတမ်းပြောလိုက် သတိလည်လာ လိုက်နဲ့ နေ့မကူးတော့မှာ သေချာပါတယ်”

“အေးဗျ - သည်လူနာမျိုးက အကြောသေပြီး မလှုပ်မရှားဖြစ်နေတော့ ကြောက်စရာ ကောင်းတာထက် သနားစရာ ပိုကောင်းနေတယ်၊ ကျွန်တော့ လုပ်သက် သုံးနှစ်မှာ ဒါ ပထမဆုံး အတွေ့အကြုံပဲ၊ ဒေါ်ထန်တဲ့ အမျိုးအစား ဆိုတာမျိုးကိုသာ ကြားဖူးနားဝမျာခဲ့ပြီး ကြုံမယ့်ကြုံတော့လဲ လေသင်တုန်းမျိုးကို ကြုံရတယ်၊ ပညာပိုင်းအရ ကောင်းတာပေ့ါ”

ပြောရင်း ဦးကောင်းထက် ရှုံ့ရှုံ့မဲ့မဲ့ သက်ပြင်းချသည်။

“ဖြစ်နိုင်ရင် သည်ရောဂါသည်မျိုးနဲ့ ထပ်ပြီး ရေစက်အကြီးစား မဆုံပါရစေနဲ့ဗျာ”

နော်အယ်ဝါးသည် ကာကွယ်ဆေးထိုးရတာ ကို အတော်ကြီး အထိတ်တလန့် ခံစားရ သော ဆရာ့အဖြစ်ကို ရယ်ချင်လှသော်လည်း အောင့်အင်းထားရ၏ ။

“မခင်မြ သတိလည်လာပြီး ဆရာ့ကို မေးနေတယ်၊ ဆရာ့ကို တောင်းပန်ချင်လို့ပါတဲ့၊ စကားတွေ သိပ်မပီတော့ပါဘူး။ လျှာမှ မသိမ်းနိုင်တော့တာ၊

ခဏလေးဖြစ်ဖြစ် တွေ့ပါရစေ တဲ့ ဆရာ”

အဖြစ်သနစ်ကို မကျေမချမ်း ယူကျုံးမရဖြစ်နေရာမှ ဦးကောင်းထက်သည် ထိုခဏ၌ ယူကျုံးမရ ထိခိုက်နာကျင်ပြန်သည်။

မှတ်မှတ်ရရ မခင်မြ၏ ဘယ်ဘက်လက်ခုံမှ ခွေးကိုက်ဒဏ်ရာကို ဆေးကြော စည်း နှောင်ပေးခဲ့စဉ်က သူမ၏ လက်သူကြွယ်မှာ ဝတ်ဆင်ထားသော လက်စွပ်မှ နီကြောင် ကြောင် ပြင်သစ်ကျောက်သည် သူ့ကို မျက်စိ ရှုပ်စေခဲ့သည်။

ယခု ထိုဒဏ်ရာကို သတိရသည်နှင့် ထို နီကြောင်ကြောင်ကျောက်သည် သူ့ကို ခြောက်လှန့်လိုက်သလို မျက်စိထဲ မြင်ယောင်လာ၏ ။

“အကြောတွေတော့ ဆွဲတယ်ဆရာ၊ သတိဝင်လာပြန်တော့ အားလုံး သိနေတယ်၊ သူ သေတော့မယ်ဆိုတာ သိနေတယ် ဆရာရယ်၊ သနားစရာ”

“နော်အယ်ဝါးသည် သွားကြည့်လိုက်ပါဦးဆရာရယ်” ဟု မတိုက်တွန်းရုံတမယ်ပဲ ကျွန်တော့သည်။

ဦးကောင်းထက်သည် သူ့နားကျပ်ကို ကောက်ကိုင်ကာ လေးလံစွာ နေရာမှထသည်။

“ဆရာရေ ... စပယ်ရှယ်က ဈေးတက်သွားပြီ၊ တစ်လိပ် ပြားလေးဆယ်၊ ဒါကြောင့် ကျွန်တော် ရေမြင်း ပြောင်းဝယ်လာတယ်၊ ဒါက တစ်လိပ်တစ်မတ်ရယ်ဗျာ”

ဦးကောင်းထက်သည် မောင်တင်ကို မျက်နှာလိုအားရ လှမ်းပေးသော ဆေးပေါ့လိပ် ကို မယူ။

“ခင်ဗျားပဲ ဆေးလိပ်အသောက်သင်ပေတော့”

“ဟာ ... ဆရာ၊ ကျွန်တော် ဘုရားလှူထားတာ”

ဒေါ်နဲလီက မောင်တင့်ကို ဗိုက်ခေါက် ဆွဲလိမ်သည်။

"သည့်ကျောက်ရှူးကြောင့် ခက်တယ်၊ သူ သောက်နေကျဆေးလိပ်ပဲဝယ်မှပေါ့ဟဲ့။ ဆေးလိပ်တစ်မျိုးပြီးတစ်မျိုး ပြောင်းကြိုက်ဖို့ဆိုတာ နင်မိန်းမ တစ်ယောက်ပြီးတစ်ယောက် ပြောင်းယူသလို လွယ်တာ မဟုတ်ဘူး"

မောင်တင် ရယ်ကျဲကျဲနှင့် ဆေးလိပ်အလဲအလှယ်အတွက် ပြန်ထွက်သွား၏။

ဦးကောင်းထက်နောက်မှ နော်အယ်ဝါးက လူနာမှတ်တမ်းကလေးကိုင်ပြီး လိုက်လာ သည်။

အသည်းအသန် လူနာခန်းတစ်ဝိုက်တွင် တတ်နိုင်သမျှ တိတ်ဆိတ် ငြိမ်သက်အောင် ထားရှိသည်။

အခန်းအပြင်ဘက်ဂရန်တာ၌ အမေအိုတစ်ယောက် လျော့ရဲရဲ ပဆစ်တုတ်ထိုင်နေ လျက် ရင်ခွင်တွင် နို့စို့ကလေးငယ်ကို ပွေ့ပိုက်ထားသည်။

သူမနံဘေးတွင် တယ်နှစ်အောက် ကြီးစဉ်ငယ်လိုက် ကလေးသုံးယောက်သည် ပြုံး ရယ် တွန်းထိုး ဆော့ကစားနေလေ၏။

"ဘာလို့ ကလေးတွေကို ခေါ်လာခွင့်ပြုထားတာလဲ ဆရာမ၊ မခင်မြကလေးတွေ လား၊ အမေရဲ့အခြေအနေကိုကြည့်ပြီး စိတ်ထိခိုက်ရှံ ရှိမယ့်ဟာဗျာ"

"ဆရာ့လက်ထဲ အပ်ခဲ့ချင်လို့တဲ့ဆရာ၊ ကျွန်မလဲ မတားရက်တော့ဘူးဆရာရယ်"

အစိမ်းပုပ်ရောင်ခန်းဆီးကို ဘေးဖယ်ကာ သူ အခန်းထဲဝင်သွားခဲ့၏။

မခင်မြ၏ နောက်ဆုံးအချိန်ကား မဝေးတော့ပြီ။

ခဲယဉ်းပင်ပန်းစွာ အသက်ရှူရှိုက်ရင်း သေခြင်းတရားကို

ငံ့လင့်လျက်ရှိသည်။

အဆုံးတိုင် မငြိမ်သက်သွားသေးသော ကြွက်သားစုတို့တို့သည် တဆတ်ဆတ်ခါသည်။

သနားဖွယ်ကောင်းလှသည်မှာ သူမ၏ ကြောက်ရွံ့ချောက်ချားနေသော မျက်လုံးများ ဖြစ်သည်။ အသိစိတ်ဝင်နေချိန်သာ များသောကြောင့် သူမသေရမည့်အချိန် နီးကပ်လာတာ ကို ကြောက်လန့်သည်။ ဘာကိုမှန်း ဘာကြောင့်မှန်းမသိဘဲ စိတ်ကိုက ကြောက်ရွံ့ချောက် ချားခြင်းတွေ ပိုကဲသည်။ ဒါဟာလည်း ခွေးရူးပြန်ဝေဒနာ၏ သိသာထင်ရှားသော လက္ခဏာ တစ်ရပ်။

ဒေါက်တာ ကောင်းထက်သည် မခင်မြနံဘေးတွင် ရပ်လိုက်သည်။

သူရောက်လာသည်ကို မခင်မြ ကောင်းစွာ သိရှိလေသည်။

မခင်မြက ချည့်နဲ့ တုန်ဆတ်သောလက်များကို သယ်မကာ လက်အုပ်ချီဖို့ ကြိုးစား သည်။ မတတ်စွမ်းနိုင်ဘဲ ရင်ဘတ်ပေါ်သို့သာ ပြန်ကျသွား၏ ။

ခွေးရူးပြန်ဝေဒနာသည်ကို ထိရကိုင်ရမှာ တွန့်ဆုတ်သောကြောက်လန့်စိတ်ကို ကြင် နာမှုက လွှမ်းမိုးသွားသောအခါ ဦးကောင်းထက်သည် မခင်မြ၏ လက်ကို အသာကိုင်ဆုပ် လိုက်မိသည်။

“ကျွန်မကိုကယ်ဖို့ ဆရာကြိုးစားခဲ့တယ်။ ကျွန်မ မိုက်လုံးကြီးတယ်။ အခု မကယ်နိုင် တော့ဘူးဆိုတာ သိပါတယ်ဆရာရယ်”

ဒေါက်တာကောင်းထက်ရင်မှာ ဆို့နင့်သည်။

သူ ဘယ်လိုနှစ်သိမ့်အားပေးရပ့်မလဲ။

“ကိုကျင်မောင်နဲ့ ကလေးတွေကို ကာကွယ်ဆေး ထိုးပေးပါ ဆရာ၊ ကျွန်မအမေကို လဲ ထိုးပေးပါ၊ အကြီးမကိုလဲ တိုးပွားကိုက်မိသွားသေးတယ်”

ကိုက်တာမဟုတ်၊ မိုက်မိသွားတာတဲ့။ ခွေးကို သည်အထိပဲချစ်ရ၊

ခွင့်လွှတ်ရသလား မခင်မြရယ်။

သေရမှာကို လူနာက သိနေပြီးမှတော့ ဆရာဝန်က မည်သို့သောစကားကို ပြော ကြားသင့်ပါသလဲ။

"ခင်ဗျား မိသားစုအတွက် ကျွန်တော့်တာဝန်ထားပါ မခင်မြ၊ ခင်ဗျား ဘာမှ သောက ရောက်မနေနဲ့ စိတ်ချစမ်းပါ"

စိတ်လှုပ်ရှားမှုရောင်ပြန်ဟပ်ကာ မခင်မြ တဆတ်ဆတ် အကြောဆွဲရာမှ အသက်ရှူ တစ်ချက် မရှူတစ်ချက် ကျပ်ဆို့လာသည်။

"ဗေလီယမ် ထပ်ထိုးပေးလိုက်ပါဦး ဆရာမ"

အသက်မထွက်မီ ဝေဒနာခံစားရသက်သာအောင် လုပ်ပေးသော နည်းတစ်နည်းသာ ရှိလျက် အသက်ထွက်ညင်သာအောင် ဖေးမပေးရုံသာ တတ်နိုင်ပေသည်။

တာဝန်ကျခန်းသို့ ပြန်လာခိုက် သူ့ကို လာရှာသော ဒေါက်တာ မျိုးဝင်းနှင့် ဆုံသည်။

"ကျွန်တော့်လူနာ ကိုယ်ဝန်ခုနစ်လနဲ့ သွေးတွေဆင်းနေတာ အခု စီပီပလီတ်လက် ကောင့် လုပ်ကြည့်တော့မှ ပလိတ်လက် သိပ်နည်းနေတယ်။ အိုင်တီပီကေ့စ် ကြီးဗျ၊ အဲဒါ ကျွန်တော့်ဆီကနေ ဆရာ့ဆီလွှဲမလားလို့၊ သွေးမဆင်းတော့ဘူး"

"ထားလက်စနဲ့ ထားပါဗျာ၊ ဆရာ့ကုသချက်နဲ့ ဟန်နေသားပဲ"

ဦးမျိုးဝင်းက သူပေးထားသော ကုသချက်ကို ပြသဆွေးနွေးသည်။

"ဆရာ့ကို ဒေါ်နဲလီ အေအာဗွီ ထိုးပေးနေတယ်ဆို"

ဦးကောင်းထက် မသက်မသာ ခေါင်းညိတ်သည်။

"ဒဏ်ရာမရှိရင် ပိုးမဝင်နိုင်ပါဘူး ဆရာရယ်"

ဦးကောင်းထက် မျက်ခုံးပင့်သည်။

စကားမပြန်မီ တစ်ချက် ရှက်ရယ် ရယ်သည်။

"ကျွန်တော့် အကျင့်ဆိုးက လက်သည်း ကိုက်တတ်တာ၊ အမေကတော့ ကျွန်တော် သူငယ်နာမစင်ဘူး ပြောတာပဲ၊ လက်သည်းကိုက်ရင် အရေပြား အနည်းအကျဉ်း ပွန်းပဲ့နေ နိုင်တယ် မဟုတ်လား ဆရာ"

ဦးမျိုးဝင်း အားမနာတမ်း တဟားဟားရယ်တော့သည်။

"ဟုတ်လိမ့်မယ်ဗျို့၊ သူငယ်နာမစင်သေးတာ ဖြစ်နိုင်တယ်၊ ဒါကြောင့် ခုထိ မစွံသေး တာဖြစ်မှာပဲ၊ ခင်ဗျား တပည့်မောင်တင်ဆီက သင်တန်းတက် ပညာယူပါဦးတော့လား ဆရာရယ်"

မောင်တင်မှာ အိမ်ထောင်လေးဆက် ပြောင်းခဲ့ပြီးလေပြီ။

ဦးကောင်းထက်သည် ဦးမျိုးဝင်း၏ ဟာသကိုပင် ရောနှောမပြုံးရယ်နိုင်ဘဲ မခင်မြ၏ သေချာ ခံစားထိတ်လန့်နေသော မျက်နှာကိုသာ မြင်ယောင်ရင်နင့်နေမိလေ၏ ။

***